

# အခန်း(၈) ကြိုးခုန်ခြင်း




# အခန်း(၈) ကြိုးခုန်ခြင်း




လက်ကို အပေါ်နည်းနည်း မြှောက်ရမယ်
ကြိုးကို ဖြည်းဖြည်းနဲ့ မှန်မှန်လွှဲမယ်
အရင်နေ့က ၂ ယောက်တစ်တွဲ ရပ်တဲ့အနေအထားနဲ့ ခုန်ပြီးပြီ ဒီနေ့ ၁ ယောက်ကလွှဲနေတုန်း နောက်တစ်ယောက်က ဝင်ခုန်ကြည့်မယ်
ဝင်မဲ့သူကအသင့်အနေအထားနဲ့စောင့်မယ် ကြိုးလွှဲသူရဲ့ခြေအောက် ကြိုးရောက်တာနဲ့ဝင်မယ်
ကြိုးခြေအောက် ရောက်ရင်ဝင်မယ်

## အခန်း(၈) ကြိုးခုန်ခြင်း










**ကစားနည်းစည်းမျဉ်းများ**

၁။ အုပ်စု ၃ စုခွဲရမည်။

၂။ ဘေးတိုက်စုံခုန်သွားခြင်း၊ နှစ်ယောက်လွှဲတစ်ဦးခုန်၊ တစ်ယောက်လွှဲနှစ်ဦးခုန် ၃ မျိုးကို တစ်ဖွဲ့တစ်မျိုးစီ လုပ်ဆောင်ရမည်။ ထို့နောက် အုပ်စု ၃ ခုစလုံးက တစ်မျိုးပြီးတစ်မျိုးပြောင်းလဲလုပ်ဆောင်ရမည်။

၃။ နှစ်ယောက်လွှဲတစ်ဦးခုန်ခြင်းနှင့် တစ်ယောက်လွှဲနှစ်ဦးခုန်ခြင်းတို့တွင် ခုန်သူနဲ့ လွှဲသူ တစ်လှည့်စီပြုလုပ်ရမည်။

**မှတ်ချက်။** ကစားကွင်းအနေအထားနှင့် ခုန်ကြိုးအရေအတွက်အပေါ်မူတည်၍ ဆရာက သင့်လျော်သလို ပြောင်းလဲသင်ကြားနိုင်သည်။


**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | ကြိုးခုန်နည်း ၃ မျိုးတွင် ပါဝင်လုပ်ဆောင်ခြင်းဖြင့် ပျော်ရွှင်ခဲ့ကြသလား။ | | | |
| ၂ | ကြိုးခုန်နည်း ၃ မျိုးကို မှန်ကန်စွာပြောင်းလဲလုပ်ဆောင်နိုင်ခဲ့ကြသလား။ | | | |
| ၃ | ကြိုးခုန်နည်းစနစ်များကို နားလည်ပြီး ပြန်လည်ရှင်းပြနိုင်မလား။ | | | |
| ၄ | သူငယ်ချင်းနဲ့ နှစ်ယောက်တစ်တွဲအပေးအယူမျှမျှလုပ်ဆောင်ခဲ့ကြသလား။ | | | |


# အခန်း(၉) ဝိုင်းပတ်ခုန်ကျော်ကစားနည်း



ဒီကစားနည်းကိုကစားခြင်းဖြင့် အာရုံစူးစိုက်မှုကောင်းလာပြီး လျင်မြန်သွက်လက်စွာ လှုပ်ရှားတတ်လာမယ်။ ကစားတဲ့အခါ ကြိုး သို့မဟုတ် ဖဲကြိုးကို အသုံးပြုပြီးကစားကြမယ်။



# အခန်း(၉) ဝိုင်းပတ်ခုန်ကျော်ကစားနည်း




**ကစားနည်းစည်းမျဉ်းများ**

၁။ တစ်အုပ်စုလျှင် ၉ ဦးစီပါသော အုပ်စုများဖွဲ့ရမည်။

၂။ ကလေး ၆ ဦးကို နှစ်ယောက်တစ်တွဲ ကြိုး သို့မဟုတ် ဖဲကြိုးကိုကိုင်ပြီး ၃ တန်း စီရပ်စေပြီး ကျန်ကလေး ၃ ဦးကို ကစားသမား၊ ဒိုင်နှင့် မှတ်တမ်းတင်သူအဖြစ် ဆောင်ရွက်စေရမည်။

၃။ ဒိုင်လုပ်သူကလေးက **အပေါ်** ဟုပြောလျှင် ကြိုးကိုင်သူကလေးများက ကြိုးကို ဒူးအထက်နားအထိ နိမ့်ပေးပြီး ကစားမည့်ကလေးက ကြိုးကိုခုန်ကျော်ရမည်။ **အောက်** ဟုပြောလျှင် ကြိုးကိုင်သူများက ကြိုးကို အပေါ်သို့ လက်တစ်ဆန့်မြှောက်ပေးပြီး ကစားမည့်ကလေးက အောက်မှဝင်ရမည်။ **ဝိုင်းပတ်မယ်** ဟုပြောလျှင် ကြိုးကိုင်သူများက လက်ကိုအောက်သို့အလိုက်သင့်ချထားပြီး ကစားမည့်ကလေးက ၎င်းကလေးနှစ်ဦးကို အပြင်မှ လက်ယာရစ်ပတ်ရမည်။

၄။ မှတ်တမ်းတင်သူကလေးက မိမိအသင်းရှိ ကစားသမားတစ်ဦးချင်းစီနှင့် တစ်သင်းလုံး၏ မှန်ကန်စွာလုပ်ဆောင်နိုင်မှုကို မှတ်တမ်းတင်ကာ ချီးကျူးအားပေးစကားပြောရမည်။

၅။ ကစားသည့်ကလေးက လှုပ်ရှားမှုအားလုံးလုပ်ဆောင်ပြီးလျှင် ကစားသည့်ကလေးက ကြိုးကိုင်သူ၊ ကြိုးကိုင်သူက မှတ်တမ်းတင်သူ၊ မှတ်တမ်းတင်သူက ဒိုင်၊ ဒိုင်က ကစားသူအဖြစ် လူလဲကစားရမည်။


**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | ဝိုင်းပတ်ခုန်ကျော်ကစားနည်းကို တက်ကြွပျော်ရွှင်စွာကစားခဲ့ကြသလား။ | | | |
| ၂ | ဝိုင်းပတ်ခုန်ကျော်ကစားနည်းမှ လှုပ်ရှားမှု ၃ မျိုးကို မှန်ကန်စွာလုပ်ဆောင်နိုင်ခဲ့ကြသလား။ | | | |
| ၃ | ဝိုင်းပတ်ခုန်ကျော်ကစားနည်းစည်းမျဉ်းကို မှန်ကန်စွာ ရှင်းပြနိုင်ခဲ့ကြသလား။ | | | |
| ၄ | သူငယ်ချင်းတွေနဲ့ပူးပေါင်းပြီး ညီညီညွတ်ညွတ်ကစားခဲ့ကြသလား။ | | | |


# အခန်း(၁၀) ကွင်းဖြတ်ကျော်ကစားနည်း



ခရာသံကြားရင် ခြေကစဝင်မယ်။ တစ်ပတ်ပြည့်တဲ့အခါ ခေါင်းကစဝင်မယ်။ ကွင်းကို အသုံးပြုပြီး ဘယ်လိုကစားရလဲဆိုတာ သေချာကြည့်ရအောင်။



# အခန်း(၁၀) ကွင်းဖြတ်ကျော်ကစားနည်း




**ကစားနည်းစည်းမျဉ်းများ**

၁။ ကလေးဦးရေပေါ်မူတည်၍ အုပ်စုဖွဲ့ရမည်။
၂။ ကလေးများအချင်းချင်းလက်ချင်းတွဲ၍ စက်ဝိုင်းပုံဝိုင်းရမည်။ ကွင်းတစ်ခုကို နှစ်ယောက်တွဲလက်တွဲထားသည့်အပေါ်တွင် ထားရမည်။
၃။ ခရာသံကြားလျှင် ကွင်းအတွင်းသို့ ခေါင်းမှစဝင်၍ တစ်ပတ်ပြီးဆုံးသည်အထိကစားရမည်။ ပြီးလျှင် ခြေမှစဝင်၍ လက်တွဲမပျက်ဘဲ တစ်ပတ်ပြည့်အောင် ဆက်လက်ကစားရမည်။


**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | ခေါင်းနဲ့စပြီး ကွင်းကိုဖြတ်တာရော ခြေနဲ့စပြီးကွင်းကိုဖြတ်တာရော ပျော်ရွှင်စွာ ကစားခဲ့ကြသလား။ | | | |
| ၂ | ကွင်းဖြတ်ကျော်ခြင်း ၂ မျိုးစလုံးကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ကြသလား။ | | | |
| ၃ | ကစားနည်းစည်းမျဉ်းများကို နားလည်သဘောပေါက်ပြီး မှန်ကန်စွာလုပ်ဆောင်နိုင်ခဲ့ကြသလား။ | | | |
| ၄ | သူငယ်ချင်းများနှင့်အတူ ပူးပေါင်း၍ကွင်းကျော်ကစားခြင်း ၂ မျိုးကို ကစားခဲ့ကြသလား။ | | | |

# အခန်း(၁၁) မျက်လုံးကိုအဝတ်စည်းကစားနည်း



မျက်လုံးကိုအဝတ်စည်းကစားနည်း ကစားခြင်းဖြင့် အကြားအာရုံစူးစိုက်မှု ပိုကောင်းလာမယ်။ ကြိုးစားကစားကြည့်ကြစို့။




**ကစားနည်းစည်းမျဉ်းများ**

၁။ ကလေးဦးရေပေါ်မူတည်၍ အုပ်စုဖွဲ့ရမည်။ (ဥပမာ- ၁၀ ဦး)


၂။ ကလေးများကို ၁၊ ၂၊ ၃၊ ၄ --- စသည်ဖြင့် နံပါတ်များသတ်မှတ်ပေးပြီး သတ်မှတ်စည်းဝိုင်းထဲတွင် နေရာယူရမည်။ မျက်လုံးကို အဝတ်စည်းထားသော ကလေးနှစ်ဦးက စည်းဝိုင်းအလယ်တွင် နေရမည်။

၃။ မျက်လုံးပိတ်ထားသူ နှစ်ဦးက နှစ်သက်ရာ နံပါတ် ၂ ခုကိုခေါ်ရန်အတွက် အချင်းချင်း တိုင်ပင်ပြီးနောက် နံပါတ် ၂ ခုကိုခေါ်သည့်အခါ ၎င်းနံပါတ်ပိုင်ရှင်ကလေးများက မျက်လုံးပိတ်ထားသူများ ဖမ်းမမိအောင် နေရာချင်းလဲရမည်။

၄။ အဖမ်းခံရသူက မျက်လုံးကို အဝတ်စည်းကာ ဆက်လက်ကစားရမည်။

**မှတ်ချက်။** နံပါတ်ခေါ်သည့်အခါ ကပ်လျက်နံပါတ် ၂ ခုကို မခေါ်ရ။ ( ဥပမာ - ၇ နှင့် ၈ )

# အခန်း(၁၁) မျက်လုံးကိုအဝတ်စည်းကစားနည်း




**ကစားနည်းစည်းမျဉ်းများ**

၁။ ကလေးဦးရေပေါ်မူတည်၍ အုပ်စုဖွဲ့ရမည်။ (ဥပမာ- တစ်သင်းတွင် ၈ ယောက်ပါဝင်ပါက ၄ ယောက်ပါဝင်သော အဖွဲ့ ၂ ဖွဲ့ကို ကစားရာတွင် အချင်းချင်းပူးပေါင်းဆောင်ရွက်နိုင်ရန်ဖွဲ့ပေးရမည်။)

၂။ ကလေးများ ရှေ့နောက်တန်းပြီး လက်များကိုပခုံးပေါ်တင်ကာ မျက်လုံးပိတ်၍ အတွဲလိုက်သတ်မှတ်စည်းတွင်နေရာယူရမည်။ သွားသည့်အခါစထွက်သည့်ခြေ တူညီရမည်။ (ဥပမာ-ဘယ်ခြေနှင့်စထွက်လျှင် အားလုံး ဘယ်ခြေမှစ၍ လှမ်းရမည်။)

၃။ အသင်းတစ်သင်းထဲရှိ ကစားမည့် အဖွဲ့ ၂ ဖွဲ့သည် တခြားအသင်းများနှင့် ကစားရာတွင် ကောင်းစွာကစားနိုင်ရန်အတွက် အချင်းချင်း အကြံဉာဏ်ကောင်းများပေးရမည်။

၄။ ဒိုင်လူကြီးက ခရာဖြင့်အချက်ပေးလျှင် ရှေ့တည့်တည့်ရှိ သတ်မှတ်နေရာတွင်ထားထားသောပစ္စည်းကို အတွဲမပျက်စေဘဲ သွားယူရမည်။


**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | မျက်လုံးကိုအဝတ်စည်းကစားနည်းကို ကစားရတာ ပျော်ကြသလား။ | | | |
| ၂ | အုပ်စုဖွဲ့ကစားချိန်တွင် ကစားဖော်များနှင့် အချင်းချင်းညှိနှိုင်းပြီးကစားခဲ့သလား။ | | | |
| ၃ | ကစားနည်းစည်းမျဉ်းများကို သူငယ်ချင်းများအားပြန်လည်ရှင်းပြနိုင်သလား။ | | | |
| ၄ | မျက်လုံးကိုအဝတ်စည်းကစားနည်းမကစားမီ မိမိတို့အဖွဲ့အတွင်းဘယ်လို ကစားမည်ကို တိုင်ပင်ဆွေးနွေးခဲ့သလား။ | | | |


# အခန်း(၁၂) နံပါတ်ရှင်နေရာပြောင်းကစားနည်း



ဒုတိယတန်းတုန်းက တုပလုပ်ဆောင်ကစားခဲ့တဲ့ တိရစ္ဆာန်လေးတွေရဲ့ အမည်နဲ့ လှုပ်ရှားမှုတွေကို မှတ်မိကြသေးသလား။ အဲဒီတိရစ္ဆာန်လေးတွေကို အခြေခံပြီး ကစားနည်းလေးတစ်ခု ကစားကြရအောင်။ ကလေးတို့အတွက် လုပ်ဆောင်ရခက်တဲ့ လှုပ်ရှားမှုတွေကို မှတ်ထားမယ်။ ပြီးရင် ပြန်လေ့ကျင့်ကြမယ်။



# အခန်း(၁၂) နံပါတ်ရှင်နေရာပြောင်းကစားနည်း




**ကစားနည်းစည်းမျဉ်းများ**

၁။ အုပ်စုတစ်စုတွင် ၄ ဦးစီပါသော အုပ်စုများဖွဲ့ရမည်။ (တစ်ကြိမ်တွင် ၂ ဖွဲ့ကစားရမည်။)

၂။ တစ်အုပ်စုကို စုံကိန်း၊ အခြားတစ်အုပ်စုကို မကိန်း သတ်မှတ်ပေးပြီးတုပလုပ်ဆောင်ရမည့် တိရစ္ဆာန်အမည်ကို မဲနှိုက်မှတ်သားကာ ၁ သည် ၂ နှင့်၊ ၃ သည် ၄ နှင့် စသည်ဖြင့် မျက်နှာချင်းဆိုင် သတ်မှတ်နေရာများတွင် နေရာယူရမည်။

၃။ ဒိုင်လူကြီးက နံပါတ်တစ်စုံကို ခေါ်ရမည်(ဥပမာ- ၁ နှင့် ၂၊ ၃ နှင့် ၄)။ နံပါတ် အခေါ်ခံရသော ကလေးနှစ်ဦးက သတ်မှတ်အလယ်စည်းသို့ ပြေးလာပြီး လက်ဝါးချင်းရိုက်ရမည်။

၄။ လက်ဝါးချင်းရိုက်ပြီးနောက် ကလေးနှစ်ဦးက မိမိမဲနှိုက်ရရှိထားသည့် တိရစ္ဆာန်အမည်အတိုင်း တုပလုပ်ဆောင်ပြီး ဆန့်ကျင်ဘက်နေရာသို့ သွားရမည် (ဥပမာ-၇ သည် ၈ နေရာ၊ ၈ သည် ၇ နေရာသို့)။ ကျန်ကလေးများက မိမိတို့အဖွဲ့သား တုပလုပ်ဆောင်သည့် တိရစ္ဆာန်အတိုင်း လိုက်ပြုလုပ်ရမည်။

၅။ တစ်ဖက်အဖွဲ့သို့ ရောက်သွားလျှင် မိမိရောက်ရှိသွားသောနေရာရှိနံပါတ်သည် မိမိနံပါတ်ဖြစ်သည် (ဥပမာ-၇ သည် ၈၊ ၈ သည် ၇ ဖြစ်သွားမည်)။ ဤနည်းအတိုင်း ဆက်လက်ကစားရမည်။


**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | တိရစ္ဆာန်လေးများကဲ့သို့ တုပလုပ်ဆောင်ရာတွင် တက်ကြွပျော်ရွှင်မှုရှိခဲ့သလား။ | | | |
| ၂ | ကဏန်းနဲ့ မျောက်ကဲ့သို့ မှန်ကန်စွာ တုပလုပ်ဆောင်နိုင်ခဲ့သလား။ | | | |
| ၃ | တိရစ္ဆာန်လေးတွေရဲ့ လှုပ်ရှားမှုများကို ခွဲခြားနားလည်ခဲ့သလား။ | | | |
| ၄ | သူငယ်ချင်းတွေရဲ့ လှုပ်ရှားမှုမှန်ကန်စေရန် အကြံဉာဏ်ကောင်းများပေးခဲ့သလား။ | | | |

# အခန်း(၁၃) တည်ဆောက်ကစားနည်း



တည်ဆောက်ကစားနည်းကို ကစားရာမှာ အချင်းချင်း တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် အောင်မြင်မှုရနိုင်တယ်ဆိုတာ သိလာမယ်။ ကြိုးစားကစားကြည့်ကြစို့။






**ကစားနည်းစည်းမျဉ်းများ**

၁။ ကလေးဦးရေပေါ်မူတည်၍ အုပ်စုဖွဲ့ရမည်။
၂။ အုပ်စုအလိုက်သတ်မှတ်စည်းတွင် တစ်ဦးချင်းရှေ့နောက်တန်းစီနေရာယူရမည်။
၃။ ခရာသံကြားလျှင် အဖွဲ့အသီးသီးမှ ရှေ့ဆုံးလူက ကွင်းအလယ်စည်းထဲရှိ ဘူး ၁ ဘူးကိုယူပြီး မျက်နှာချင်းဆိုင်တစ်ဖက်ရှိ သတ်မှတ်စည်းတွင် ၄-၃-၂-၁ ပုံစံအတိုင်းစီနိုင်ရန် ထားရမည်။
၄။ ပထမလူက ဘူးကိုသတ်မှတ်စည်း၌ထားပြီးလျှင် မိမိအဖွဲ့ဆီသို့ပြန်ပြေးပြီး ဒုတိယလူနှင့် လက်ဝါးချင်းရိုက်ပြီးမှသာ ဒုတိယလူက ပထမလူလုပ်ဆောင်သည့်အတိုင်း ဆက်လက်ပြုလုပ်ရမည်။
၅။ ဤနည်းအတိုင်း ကျန်လူများက စည်းဝိုင်းထဲရှိဘူးများကို သတ်မှတ်စည်းတွင် ၄-၃-၂-၁ ပုံစံဖြစ်အောင် စီရမည်။
၆။ ကစားနည်းစည်းမျဉ်းအတိုင်း ပထမဆုံးပြီးသောအဖွဲ့က အနိုင်ရမည်။


**မှတ်ချက်။** ဘူးများကို ၄-၃-၂-၁ ပုံစံရအောင်စီရာတွင် ရှေ့လူက မှားစီခဲ့ပါက နောက်လူက ဘူးများကို ပုံစံမှန်အောင် ပြန်စီနိုင်သည်။


# အခန်း(၁၃) တည်ဆောက်ကစားနည်း







## အခန်း(၁၃) တည်ဆောက်ကစားနည်း



# အခန်း(၁၃) တည်ဆောက်ကစားနည်း




**ကစားနည်းစည်းမျဉ်းများ**

၁။ စာသင်ချိန် ၁ တွင် ကစားခဲ့သော အုပ်စုအတိုင်း ဆက်လက်ကစားစေရမည်။

၂။ ဘူးများကို ၄-၃-၂-၁ ပုံစံ ၃ ခုရအောင် သတ်မှတ်နေရာများတွင် တည်ဆောက်ရမည်။

၃။ ခရာသံကြားလျှင် အုပ်စုအသီးသီးမှ ရှေ့ဆုံးလူက သတ်မှတ်နေရာများတွင် အဝေးဆုံးသတ်မှတ်နေရာမှစ၍ ဘူးများကို ၄-၃-၂-၁ ပုံစံရအောင် စတင်စီရမည်။

၄။ ပထမလူက ဘူးကိုသတ်မှတ်နေရာ၌ထားပြီးလျှင် မိမိအဖွဲ့ဆီသို့ပြန်ပြေးပြီး ဒုတိယလူနှင့် လက်ဝါးချင်းရိုက်ပြီးမှသာ ဒုတိယလူက ပထမလူလုပ်ဆောင်သည့်အတိုင်း ဆက်လက်ပြုလုပ်ရမည်။

၅။ သတ်မှတ်နေရာများတွင် ဘူးများကို ၄-၃-၂-၁ ပုံစံရအောင်အမြန်ဆုံးတည်ဆောက်နိုင်သည့် အဖွဲ့က အနိုင်ရမည်။


**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | တည်ဆောက်ကစားနည်းကို ကစားရတာပျော်သလား။ | 😊 | 🙂 | ☹ |
| ၂ | ၄-၃-၂-၁ ပုံစံရအောင် ဘူးတွေကို မြန်မြန်တည်ဆောက်နိုင်ခဲ့သလား။ | 😊 | 🙂 | ☹ |
| ၃ | ကစားနည်းစည်းမျဉ်းအတိုင်း လိုက်နာကစားခဲ့ကြသလား။ | 😊 | 🙂 | ☹ |
| ၄ | မိမိအသင်းအောင်နိုင်ရေးအတွက် သူငယ်ချင်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ခဲ့သလား။ | 😊 | 🙂 | ☹ |

# အခန်း(၁၄) သုံးချောင်းထောက်ကစားနည်း



သုံးချောင်းထောက်ကစားနည်းကို ကစားခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး အပေးအယူမျှမျှနှင့် ဟန်ချက်ညီညီလျင်မြန်စွာ သွားတတ်လာအောင် ကြိုးစားကြစို့။




**ကစားနည်းစည်းမျဉ်းများ**

၁။ ကလေးဦးရေပေါ်မူတည်၍ အုပ်စုဖွဲ့ရမည်။ (ဥပမာ - ၄ ဦး သို့မဟုတ် ၈ ဦး)

၂။ တစ်ဦး၏ ညာခြေနှင့် အခြားတစ်ဦး၏ဘယ်ခြေကို ပုဆိုး သို့မဟုတ် အဝတ်စဖြင့် ပူးချည်ရမည်။


၃။ ကစားမည့်သူများသည် အတွဲလိုက် သတ်မှတ်စည်းတွင် မျက်နှာချင်းဆိုင် နေရာယူရမည်။

၄။ ခရာသံကြားလျှင် ရှေ့ဆုံးအတွဲက မျက်နှာချင်းဆိုင်သတ်မှတ်စည်းရှိ မိမိအဖွဲ့ထံသို့ သုံးချောင်းထောက်ပြေးသွား၍ အသင့်စောင့်နေသောအတွဲနှင့် လက်ဝါးချင်းရိုက်ပြီး မိမိအဖွဲ့နောက်တွင် နေရာယူထိုင်ရမည်။

၅။ လက်ဝါးချင်းရိုက်ပြီးသောအတွဲက မျက်နှာချင်းဆိုင်သတ်မှတ်စည်းရှိ မိမိအဖွဲ့ထံသို့ သုံးချောင်းထောက်ဖြင့် သွားရမည်။ ဤနည်းအတိုင်း အတွဲများအားလုံးကုန်သည်အထိ ကစားရမည်။ ချော်လဲလျှင် ပြန်ထပြေးနိုင်သည်။

၆။ ကစားနည်းစည်းမျဉ်းများအတိုင်း ပထမဆုံးပြီးသောအဖွဲ့က အနိုင်ရမည်။

# အခန်း(၁၄) သုံးချောင်းထောက်ကစားနည်း




# အခန်း(၁၄) သုံးချောင်းထောက်ကစားနည်း










# အခန်း(၁၄) သုံးချောင်းထောက်ကစားနည်း




**ကစားနည်းစည်းမျဉ်းများ**

၁။ ကလေးဦးရေပေါ် မူတည်၍ အုပ်စုဖွဲ့ရမည်။ (ဥပမာ - ၄ ဦး သို့မဟုတ် ၈ ဦး)
၂။ တစ်ဦး၏ ညာခြေနှင့် အခြားတစ်ဦး၏ဘယ်ခြေကို ပုဆိုး သို့မဟုတ် အဝတ်စဖြင့် ပူးချည်ရမည်။
၃။ ကစားမည့်သူများသည် အတွဲလိုက် သတ်မှတ်စည်းတွင် မျက်နှာချင်းဆိုင် နေရာယူရမည်။
၄။ ခရာသံကြားလျှင် မျက်နှာချင်းဆိုင်နေရာယူထားသော အတွဲများမှ ရှေ့ဆုံးအတွဲများက သတ်မှတ်အလယ်စည်းသို့သွား၍ လက်ဝါးချင်းရိုက်ပြီး မူလနေရာသို့ပြန်သွားပြီး မိမိအဖွဲ့နောက်တွင် ထိုင်ရမည်။
၅။ ဤနည်းအတိုင်း အတွဲများအားလုံး ကုန်သည်အထိကစားရမည်။
၆။ ကစားနည်းစည်းမျဉ်းများအတိုင်း ပထမဦးဆုံးပြီးသောအဖွဲ့က အနိုင်ရမည်။


**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | သုံးချောင်းထောက်ကစားနည်းကို တက်ကြွပျော်ရွှင်စွာ ကစားခဲ့သလား။ | | | |
| ၂ | နှစ်ယောက်တစ်တွဲ အတွဲညီညီ သတ်မှတ်နေရာရောက်အောင် သွားနိုင်ခဲ့သလား။ | | | |
| ၃ | ကစားနည်းစည်းမျဉ်းကို သူငယ်ချင်းများအား ရှင်းပြနိုင်သလား။ | | | |
| ၄ | ကစားရာတွင် အသင်းသားများနှင့် ပူးပေါင်းကာ ကစားခဲ့သလား။ | | | |


# အခန်း(၁၅) စာအုပ်ပေါ်ဘောလုံးတင်ပြေးကစားနည်း



တစ်ဦးချင်း စာအုပ်ပေါ်ဘောလုံးတင်ပြေးကစားရာမှာ ဘောလုံးကို အောက်ပြုတ်မကျအောင် ကြိုးစားကစားကြရမယ်။ စက်ဝိုင်းတွေ့ရင်လက်ယာရစ်ပတ်သွားရမယ်။ ကတော့ချွန်တွေ့ရင် မြွေလိမ်မြွေကောက်သွားရမယ်။



# အခန်း(၁၅) စာအုပ်ပေါ်ဘောလုံးတင်ပြေးကစားနည်း




## အခန်း(၁၅) စာအုပ်ပေါ်ဘောလုံးတင်ပြေးကစားနည်း




**ကစားနည်းစည်းမျဉ်းများ**

၁။ တစ်အုပ်စုလျှင် ၄ ဦးစီပါဝင်သော အုပ်စုများဖွဲ့ရမည်။
၂။ ကလေးများကို သတ်မှတ်နေရာများတွင် နေရာယူစေရမည်။
၃။ စက်ဝိုင်းကိုတွေ့သောကလေးက လက်ယာရစ်ပတ်သွားရမည်။ ကတော့ချွန်ကို တွေ့သောကလေးက မြွေလိမ်မြွေကောက်သွားရမည်။
၄။ ပထမကလေးမှဒုတိယကလေး၊ ဒုတိယကလေးမှတတိယကလေး၊ တတိယကလေးမှစတုတ္ထကလေး အဆင့်ဆင့် လက်ဆင့်ကမ်းပေးပြီး မိမိနေရာသို့ ပြန်လည်နေရာယူရမည်။ စတုတ္ထကလေးမှ သတ်မှတ်ထားသော ခြင်းထဲသို့ ဘောလုံးကို ထည့်ပြီး မိမိနေရာသို့ ပြန်လည်နေရာယူရမည်။
၅။ သတ်မှတ်ချိန်အတွင်း ဘောလုံးအများဆုံးထည့်နိုင်သော အဖွဲ့က အနိုင်ရမည်။ (၂ မိနစ်)



# အခန်း(၁၅) စာအုပ်ပေါ်ဘောလုံးတင်ပြေးကစားနည်း




**ကစားနည်းစည်းမျဉ်းများ**

၁။ တစ်အုပ်စုလျှင် ၄ ဦးစီပါဝင်သော အုပ်စုများဖွဲ့ရမည်။
၂။ ကလေးများကို နှစ်ယောက်တစ်တွဲ သတ်မှတ်နေရာများတွင် နေရာယူစေရမည်။
၃။ စက်ဝိုင်းကိုတွေ့လျှင် လက်ယာရစ်ပတ်သွားရမည်။ ကတော့ချွန်ကိုတွေ့လျှင် မြွေလိမ်မြွေကောက် သွားရမည်။
၄။ ပထမအတွဲမှ ဒုတိယအတွဲကို လက်ဆင့်ကမ်းပေးပြီး မိမိနေရာသို့ ပြန်လည်နေရာယူရမည်။ ဒုတိယ အတွဲကသတ်မှတ်ထားသော ခြင်းထဲသို့ ဘောလုံးကို ထည့်ပြီး မိမိနေရာသို့ ပြန်လည်နေရာယူရမည်။
၅။ သတ်မှတ်ချိန်အတွင်း ဘောလုံးအများဆုံးထည့်နိုင်သောအဖွဲ့က အနိုင်ရမည်။ (၂ မိနစ်)


**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | စာအုပ်ပေါ် ဘောလုံးတင်ပြေးကစားနည်းကို ယှဉ်ပြိုင်ကစားခြင်းဖြင့် ပျော်ရွှင်မှုရှိခဲ့ကြသလား။ | | | |
| ၂ | ဘောလုံးကိုစာအုပ်ပေါ်တင်၍သယ်ရာတွင် အောက်ပြုတ်မကျဘဲ သတ်မှတ်နေရာထိ ရောက်အောင်သယ်ပြီး တစ်တွဲနှင့်တစ်တွဲ လက်ဆင့်ကမ်းပေးနိုင်ခဲ့ကြသလား။ | | | |
| ၃ | ကစားနည်းစည်းမျဉ်းများကို နားလည်သဘောပေါက်ပြီး ပြန်ရှင်းပြနိုင်မလား။ | | | |
| ၄ | နှစ်ယောက်တစ်တွဲ ဘောလုံးကို သယ်ယူရာတွင် အပေးအယူမျှမျှနှင့်ဟန်ချက်ညီ ပူးပေါင်းပါဝင် လုပ်ဆောင်ခဲ့ကြသလား။ | | | |

# အခန်း(၁၆) ခြေကျော်ပြေးပြိုင်ကစားနည်း




ဒီနေ့ကလေးတို့ကို ကစားနည်းအသစ်လေးတစ်ခု ဆရာသင်ပေးမယ်။
ကစားရမဲ့ ကစားနည်းကတော့ ခြေကျော်ပြေးပြိုင်ကစားနည်းဖြစ်တယ်။
သတ်မှတ်ထားတဲ့နေရာမှာနေရာယူပြီး နှစ်ယောက်တွဲ ခြေဆင်းထိုင်တဲ့အပေါ်က
ကျော်ပြေးရမယ်။ အားလုံး ဆရာနဲ့အတူကြိုးစားလုပ်ကြည့်ကြရအောင်။



# အခန်း(၁၆) ခြေကျော်ပြေးပြိုင်ကစားနည်း



# အခန်း(၁၆) ခြေကျော်ပြေးပြိုင်ကစားနည်း

**ကစားနည်းစည်းမျဉ်းများ**

၁။ ကလေးဦးရေပေါ်မူတည်ပြီး အုပ်စုဖွဲ့ရမည်။(ဥပမာ-၈ ဦး သို့မဟုတ် ၁၀ ဦး)

၂။ ပထမဆုံးပြေးမည့်ကလေး ၂ ဦးကသတ်မှတ်နေရာတွင်နေရာယူရမည်။ ကျန်ကလေးများက သတ်မှတ်နေရာများတွင် နှစ်ယောက်တစ်တွဲ ခြေဖဝါးချင်းထိ ခြေဆင်းထိုင်ပြီး လက်နှစ်ဖက်ကို နောက်ဘက်သို့ထောက်ကာ နေရာယူရမည်။


၃။ ခရာသံကြားလျှင် ပထမဆုံးအတွဲက ကျန်ကလေးများ၏ ခြေများပေါ်မှ ကျော်ပြေးရမည်။ နောက်ဆုံးအတွဲကိုကျော်ပြီးလျှင် ဘယ် ညာ ခွဲပြေးကာ လွတ်သွားသောနေရာတွင် နေရာယူရမည်။

၄။ ပထမအတွဲက ဒုတိယအတွဲကို ကျော်ပြီးသည်နှင့် ဒုတိယအတွဲကသတ်မှတ်နေရာတွင်ပြေး၍နေရာယူရမည်။ ပထမအတွဲထိုင်ပြီးမှ ဒုတိယအတွဲက လုပ်ဆောင်ရမည်။ ဤနည်းအတိုင်း အတွဲအားလုံးကုန်သည်အထိ လုပ်ဆောင်ရမည်။


၅။ နောက်ဆုံးအတွဲ သတ်မှတ်စည်းသို့ ပထမဆုံးရောက်သောအဖွဲ့က အနိုင်ရမည်။





## အခန်း(၁၆) ခြေကျော်ပြေးပြိုင်ကစားနည်း




**ကစားနည်းစည်းမျဉ်းများ**

၁။ ကလေးဦးရေပေါ်မူတည်ပြီး အုပ်စုဖွဲ့ရမည်။ (ဥပမာ- ၈ ဦး သို့မဟုတ် ၁၀ ဦး)

၂။ နှစ်ယောက်တစ်တွဲ ခြေဖဝါးချင်းထိ ခြေဆင်းထိုင်ပြီး လက်နှစ်ဖက်ကို နောက်ဘက်သို့ ထောက်ကာ နေရာယူရမည်။

၃။ ခရာသံကြားလျှင် ပထမဆုံးအတွဲက ကျန်အတွဲများ၏ ခြေများပေါ်မှ ကျော်ပြေးကာ နောက်ဆုံးအတွဲကို ကျော်ပြီးလျှင် သတ်မှတ်နေရာတွင် နေရာယူရမည်။ ပထမအတွဲ ထိုင်ပြီးမှ ဒုတိယအတွဲက လုပ်ဆောင်ရမည်။ ဤနည်းအတိုင်း ကျန်အတွဲများကနေရာပြောင်းထိုင်ရမည်။

၄။ နောက်ဆုံးအတွဲထိုင်ပြီးပါက ပထမဆုံးအတွဲက ယခင်အတိုင်း ကျော်ပြေးကာ သတ်မှတ်စည်းသို့ ရောက်အောင်ပြေးရမည်။


၅။ အတွဲအားလုံး သတ်မှတ်စည်းသို့ ပထမဆုံးရောက်သောအဖွဲ့က အနိုင်ရမည်။

**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | ခြေကျော်ပြေးပြိုင်ကစားနည်းကို ပျော်ရွှင်စွာ ယှဉ်ပြိုင်ခဲ့ကြသလား။ | | | |
| ၂ | အတွဲများအားလုံး၏ ခြေထောက်များကို ခုန်ကျော်ပြေးရာတွင် ခြေလှမ်း ၃ လှမ်း လှမ်းပြီးမှ ခုန်ကျော် ပြေးခဲ့သလား။ | | | |
| ၃ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြနိုင်ခဲ့သလား။ | | | |
| ၄ | သူငယ်ချင်းများနဲ့ ပူးပေါင်းပြီး ကစားခဲ့ကြသလား။ | | | |


# အခန်း(၁၇) ဘောလုံးပစ်ထည့်ကစားနည်း

ဘောလုံးကိုင်ထားပြီး ဆရာသံကြားရင် ဘောလုံးကို လက်နှစ်ဖက်နဲ့ ခေါင်းပေါ်က ကွင်းအတွင်းကိုပစ်ထည့်ပြီး နောက်မှာနေရာပြန်ယူရမယ်။
တစ်ဖက်ရှိ နံပါတ် ၂ ကလေးက ဘောလုံးကို ကောက်ယူပြီး သတ်မှတ်နေရာက နံပါတ် ၁ လုပ်ဆောင်တဲ့အတိုင်း လုပ်ဆောင်ရမယ်။






# အခန်း(၁၇) ဘောလုံးပစ်ထည့်ကစားနည်း



# အခန်း(၁၇) ဘောလုံးပစ်ထည့်ကစားနည်း



**ကစားနည်းစည်းမျဉ်းများ**


၁။ ကလေးဦးရေပေါ်မူတည်ပြီး အုပ်စုဖွဲ့ရမည်။ (ဥပမာ- ၆ ဦး သို့မဟုတ် ၈ ဦး)

၂။ ကလေးများကို ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆ စသည်ဖြင့် နံပါတ်များသတ်မှတ်ပေးပြီး ၁၊ ၃၊ ၅ နှင့် ၂၊ ၄၊ ၆ တို့သည် ဘောလုံးပစ်ထည့်ရမည့်ကွင်း၏ တစ်ဖက်တစ်ချက် သတ်မှတ်နေရာတွင် မျက်နှာချင်းဆိုင် နေရာယူရမည်။


၃။ အုပ်စု၂ ခုရှိ နံပါတ် ၁ ကလေးတို့က ဘောလုံးကိုင်ထားပြီး ခရာသံကြားလျှင် ဘောလုံးကို လက်နှစ်ဖက်ဖြင့် ခေါင်းပေါ်မှ ကွင်းအတွင်းသို့ ပစ်ထည့်ပြီး နောက်တွင်နေရာပြန်ယူရမည်။ တစ်ဖက်ရှိ နံပါတ်၂ ကလေးက ဘောလုံးကိုကောက်ယူပြီး သတ်မှတ်နေရာမှ နံပါတ် ၁ လုပ်ဆောင်သည့်အတိုင်း လုပ်ဆောင်ရမည်။ (၅ မိနစ်)

၄။ ဘောလုံးအရေအတွက် အများဆုံးဝင်အောင် ပစ်ထည့်နိုင်သောအဖွဲ့က အနိုင်ရမည်။



# အခန်း(၁၇) ဘောလုံးပစ်ထည့်ကစားနည်း




**ကစားနည်းစည်းမျဉ်းများ**

၁။ ကလေးဦးရေပေါ်မူတည်ပြီး အုပ်စုဖွဲ့ရမည်။ (ဥပမာ- ၆ ဦး သို့မဟုတ် ၈ ဦး)

၂။ ကလေးများကို ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆ စသည်ဖြင့် နံပါတ်များသတ်မှတ်ပေးပြီး ဘောလုံးပစ်ထည့်ရမည့် သတ်မှတ်နေရာများတွင် ရှေ့နောက်တန်းစီ နေရာယူရမည်။

၃။ အုပ်စု၂ ခုရှိ နောက်ဆုံးကလေး၏ နောက်ကွင်းထဲတွင် ဘောလုံး ၁၀ လုံး ထားရမည်။ ခရာသံကြားလျှင် နောက်ဆုံးလူက ဘောလုံးကိုယူပြီး လက်နှစ်ဖက်ဖြင့် ခေါင်းပေါ်မှ မိမိရှေ့လူထံသို့ ပစ်ပေးရမည်။ ဤနည်းအတိုင်း ကျန်ကလေးများက ရှေ့ဆုံးရောက်သည်အထိ လက်ဆင့်ကမ်း ပစ်ပေးရမည်။ ရှေ့ဆုံးကလေးထံသို့ရောက်လျှင် ဘောလုံးကို လက်နှစ်ဖက်ဖြင့် ခေါင်းပေါ်မှ ကွင်းအတွင်းသို့ ပစ်ထည့်ရမည်။

၄။ ဘောလုံးအရေအတွက် အများဆုံးဝင်အောင် ပစ်ထည့်နိုင်သောအဖွဲ့က အနိုင်ရမည်။

**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | ဘောလုံးပစ်ထည့်ကစားနည်းကို လက်ဆင့်ကမ်းပစ်ပေးကစားရတာ ပျော်ကြသလား။ | | | |
| ၂ | လက်နှစ်ဖက်နဲ့ ခေါင်းပေါ်ကကျော်ပြီး ပစ်ပေးခဲ့ကြသလား။ | | | |
| ၃ | ကစားနည်းစည်းမျဉ်းတွေကို နားလည်ပြီး ပြန်ရှင်းပြနိုင်မလား။ | | | |
| ၄ | ဘောလုံးပစ်ခြင်းနဲ့ဖမ်းခြင်းကို သူငယ်ချင်းများနဲ့ အပေးအယူမျှမျှကစားခဲ့ကြသလား။ | | | |